# First Sunday of Lent – C

## 1st READING: *Dt 26:4-10*

တရားဟောရာကျမ်း2: 4-10

ယဇ်ပုရောဟိတ်သည်လည်းခြင်းတောင်းကိုသင့်လက်မှယူ၍သင်၏ဘုရားသခင်ထာဝရ ဘုရား၏ ယဇ်ပလ္လင်ရှေ့မှာချထားရမည်။ သင်ကလည်း၊ အရပ်ရပ်သို့ လှည့်လည်သောရှုရိအမျိုးသားသည်အကျွန်ုပ်အဘဖြစ်ပါ၏။ သူသည်အဲဂုတ္တုပြည်သို့သွား၍လူအနည်းငယ်နှင့်တကွတည်းခိုစဉ်တွင် ကြီးမားများပြားသောလူမျိုးဖြစ်ပါ၏။ အဲဂုတ္တုလူတို့သည်အကျွန်ုပ်တို့ကိုညှဉ်းဆဲနှိပ်စက်၍ကျပ်တည်းစွာကျွန်ခံစေကြ၏။ ဘိုးဘေးတို့ကိုးကွယ်သောဘုရားသခင်ထာဝရဘုရားကိုအော်ဟစ်၍လျှောက်ကြသောအခါ၊ ထာဝရဘုရားသည်နားထောင်တော်မူသဖြင့်၊ အကျွန်ုပ်တို့ခံရသောညှဉ်းဆဲနှိပ်စက်ခြင်း၊ ပင်ပန်းခြင်းတို့ကိုကြည့်တော်ရှုတော်မူ၏။ ထိုအခါထာဝရဘုရားသည်တန်ခိုးကြီးမားသောလက်ရုံးတော်ကိုဆန့်၍ကြောက်မက်ဘွယ်သောနိမိတ်လက္ခဏာအံ့ဘွယ်သောအမှုတို့ဖြင့်အကျွန်ုပ်တို့ကိုအဲဂုတ္တုပြည်မှနှုတ်ပြီးလျှင်၊ နို့နှင့်ပျားရည်စီးသောဤပြည်သို့ ပို့ဆောင်၍ပေးသနားတော်မူ၏။ ယခုမှာအိုထာဝရဘုရား၊ ကိုယ်တော်ပေးသနားတော်မူသောပြည်၌အဦးသီးသောအသီးကိုအကျွန်ုပ်ဆောင်ခဲ့ပါပြီဟုသင်၏ဘုရားသခင်ထာဝရဘုရားအားလျှောက်ဆိုလျက်၊ ထိုအသီးကိုသင်၏ဘုရားသခင်ထာဝရဘုရားရှေ့တော်၌ထားရမည်။ ရှေ့တော်၌လည်းကိုးကွယ်ခြင်းကိုပြုရမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 91: 1-2, 10-11, 12-13, 14-15
**ဆာလံကျမ်း ၉၁**

**သံပြိုင်။** ။ တပည့်တော်ဒုက္ခရောက်သောအခါတပည့်တော်ဖက်၌ရပ်တည်တော်မူပါ။

**၁။** ။ အမြင့်မြတ်ဆုံးသောအရှင်၏အကွယ်အကာအောက်တွင်နေထိုင်သောသူသည်အနန္တတန်ခိုးတော်ရှင်၏အရိပ်တော်တွင်နားနေရလိမ့်မည်။ ထာဝရဘုရားသည်ငါ့ခိုလှုံရာ၊ ငါ၏ရဲတိုက်၊ငါယုံကြည်ကိုးစားသောဘုရားသခင်ဖြစ်တော်မူသည်ဟုငါဆိုမည်။ **(သံပြိုင်)**

**၂။** ။ သင့်အပေါ်သို့မည်သည့်ဘေးဥပါဒ်မျှမကျရောက်မည်သည့်အပြစ်ဒဏ်မျှလည်းသင်၏တဲအနီးသို့ချဉ်းကပ်လိမ့်မည်မဟုတ်ပေ။ သင်သွားလေရာ၌သင့်ကိုစောင့်ရှောက်စေရန်၊ကိုယ်တော်သည်မိမိ၏ကောင်းကင်တမန်တော်များအားအမိန့်ပေးတော်မူလိမ့်မည်။ **(သံပြိုင်)**

**၃။** ။ သင်၏ခြေကိုကျောက်နှင့်မထိခိုက်စေခြင်းငှါကျောက်နှင့်ခလုတ်ထိစေခြင်းငှါသူတို့သည်သင့်ကိုမိမိတို့၏လက်များဖြင့်ချီပင့်ထားကြလိမ့်မည်။ သင်သည်ခြေသေ့နှင့်မြွေဟောက်တို့အပေါ်လျှောက်လှမ်းသွား၍ခြေသေ့ကြီးနှင့်နဂါးကြီးတို့ကိုနင်းချေလိမ့်မည်။ **(သံပြိုင်)**

**၄။** ။ ထာဝရဘုရားကသူသည်ငါ့ကိုချစ်မြတ်နိုးသောကြောင့်ငါသည်သူ့ကိုကယ်ဆယ်မည်။ ငါ၏နာမတော်ကိုအသိအမှတ်ပြုသောကြောင့်ငါသည်သူ့ကိုစောင့်ရှောက်မည်။ သူသည်ငါ့ကိုခေါ်တသောအခါငါထူးမည်။ သူဒုက္ခရောက်သောအခါသူ့ဖက်၌ငါရပ်တည်မည်။ ငါသည်သူ့အားကယ်ဆယ်၍ဂုဏ်ပြုချီးမြှင့်မည်။ **(သံပြိုင်)**

## 2nd READING: *Romans 10:8-13*

ရောမသြဝါဒစာ ၁၀း ၈–၁၃

ညီအစ်ကိုတို့၊ ကျမ်းစာတော်တွင်မည်သို့ဆိုလိုထားသနည်း။ နှုတ်ကပတ်တော်တရားတော်သည်သင်၏အနီး၌လည်းကောင်း၊ သင်၏နှုတ်ဖျားနှင့်သင်၏စိတ်နှလုံးထဲ၌လည်းကောင်းရှိသည်ဟုဆို၏ အဓိပ္ပာယ်မှာယုံကြည်ခြင်းနှင့်ဆိုင်သောနှုတ်ကပတ်တရားတော်သည်ငါတို့ဟောပြောသောယုံကြည်ခြင်းတရားကိုဆိုလိုသတည်း။ အဘယ်ကြောင့်ဆိုသော်သင်သည်ယေရှုသခင်ကိုအရှင်သခင်ဖြစ်တော်မူကြောင်းကိုနှုတ်ဖြင့်ဝန်ခံ၍ဘုရားသခင်သည်သူ့အားသေခြင်းမှရှင်ပြန်ထမြောက်စေတော်မူကြောင်းကိုစိတ်နှလုံးဖြင့်ယုံကြည်လျှင်ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ အကြောင်းမူကား၊ဖြောင့်မတ်ခြင်းခံရခြင်းငှါစိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါနှုတ်ဖြင့်ဝန်ခံရ၏။ကျမ်းစာတော်၌ကိုယ်တော်ကိုယုံကြည်သောသူသည်အရှက်တကွဲမဖြစ်နိုင်ရာ၊ အကြောင်းမူကားဂျူးလူမျိုး၊ ဂရိလူမျိုးဟူ၍၊ ခွဲခြားခြင်းမရှိ။ ကိုယ်တော်သည်လူအပေါင်းတို့၏သခင်ဘုရားဖြစ်တော်မူ၏။ ကိုယ်တော်ထံဆုတောင်းပတ္တနာပြုသောသူအပေါင်းတို့အားကျေးဇူးတော်များကိုကြွယ်စွာပေးသနားတော်မူ၏။အကြောင်းမူကား၊ ထာဝရဘုရား၏နာမတော်ကိုခေါ်တဆုတောင်းသောသူဟူသမျှတို့သည်ကယ်တင်တော်မူခြင်းသို့ရောက်ရကြလတ္တံ့ဟုဖော်ပြထားသည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## **GOSPEL:** *Lk 4:1-13*

ရှင်လုကာဧဝံဂေလိကျမ်း ၄း ၁–၁၃

သခင်ယေရှုးသည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ဂျော်ဒန်မြစ်မှပြန်ကြွတော်မူစဉ်ဝိညာဉ်တော်သည်ကိုယ်တော်ကိုတောကန္တာရသို့ခေါ်ဆောင်သွားတော်မူ၏။ ထိုအရပ်တွင်ကိုယ်တော်သည်ရက်ပေါင်းလေးဆယ်တိုင်တိုင်နတ်ဆိုး၏နှောင့်ယှက်ခြင်းကိုခံရတော်မူ၏။ ထိုကာလပတ်လုံးမည်သည့်အစားအစာကိုမျှသုံးဆောင်တော်မမူ။ ထိုနေ့ရက်များကုန်လွန်လျှင်ကိုယ်တော်သည်ဆာမွတ်တော်မူ၏။ ထိုအခါနတ်ဆိုးကသင်သည်ဘုရားသခင်၏သားတော်မှန်လျှင်ဤကျောက်ခဲကိုပေါင်မုန့်ဖြစ်လာစေရန်အမိန့်ရှိတော်မူပါဟုကိုယ်တော်အားလျှောက်လေ၏။ သခင်ယေရှုးကလည်းလူသည်အစားအစာဖြင့်သာအသက်ရှင်ရသည်မဟုတ်ကြောင်းကျမ်းစာတော်တွင်ရေးထားလျက်ရှိသည်ဟုသူ့အားပြန်လည်မိန့်ကြားတော်မူ၏။ထို့နောက်နတ်ဆိုးသည်ကိုယ်တော်ကိုအလွန်မြင့်မားသောတောင်ပေါ်သို့ခေါ်ဆောင်သွားပြီးလျှင်လောကနိုင်ငံများကိုတခဏချင်းတွင်ညွှန်ပြလျက်၊ ငါသည်သင့်အားဤအရာအားလုံးကိုအစိုးရခြင်းနှင့်ဘုန်းစည်းစိမ်များကိုပေးမည်။ အကြောင်းမူကား၊ ဤအရာများကိုငါပိုင်ဆိုင်၍၊ ငါပေးလိုသောသူကိုငါပေးနိုင်၏။ အကယ်၍သင်သည်ငါ့ကိုရှိခိုးလျှင်ဤအရာအားလုံးကိုသင်ပိုင်ဆိုင်လိမ့်မည်ဟုပြောလေ၏။ ထိုအခါသခင်ယေရှုးကကျမ်းစာ၌ရေးထားသည်ကား၊ သင်၏အရှင်ဘုရားသခင်ကိုရှိခိုးကိုးကွယ်ရမည်။ ကိုယ်တော်တစ်ပါးတည်းကိုသာအစေခံရမည်ဟုမိန့်တော်မူ၏။ တစ်ဖန်နတ်ဆိုးတို့သည်ကိုယ်တော်ကိုဂျေရုဆလင်မြို့သို့ခေါ်ဆောင်သွား၍ဗိမ္မာန်တော်၏အထွတ်အပေါ်တွင်ထားလျှက်ကိုယ်တော်အားလျှောက်သည်မှာသင်သည်ဘုရားသခင်၏သားတော်မှန်လျှင်သင့်ကိုယ်ကိုအောက်သို့ပစ်ချပါလော့။ အကြောင်းမူကား၊ ကျမ်းစာ၌ရေးထားသည်ကားသင့်ကိုစောင့်ရှောက်ရန်ကောင်းကင်တမန်တော်တို့အားမိန့်မှာထားတော်မူသည်ဖြစ်၍၊ သင်ခြေကိုကျောက်ခဲတစ်လုံးနှင့်မျှမထိခိုက်စေခြင်းငှာသူတို့သည်သင့်ကိုလက်ဖြင့်ချီးပင့်ထာကြလိမ့်မည်ဟုဆို၏။ သခင်ယေရှုးကသင်၏အရှင်ဘုရားသခင်ကိုစုံစမ်းခြင်းမပြုရဟုကျမ်းစာတွင်ရေးထားသည်ဟုမိန့်တော်မူ၏။နတ်ဆိုးသည်နှောင့်ယှက်ခြင်းအလုံးစုံကိုပြုပြီးသောအခါကိုယ်တော်၏အထံတော်မှထွက်ခွါ၍နောက်တစ်ဖန်အခွင့်ကောင်းရသည့်အချိန်တိုင်အောင်ဆုတ်ခွါသွားလေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။